သင်ခန်းစာ (၁၅)

# Gender Role
## ( ကျား၊ မ အခန်းကဏ္ဍ)

ရည်ရွယ်ချက်

- မိသားစု၊ ပတ်ဝန်းကျင်၊ နိုင်ငံတော်စသည့် အဆင့်တိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးများအပေါ် သတ်မှတ်ပေးထားသော ကွဲပြားသည့်အခန်းကဏ္ဍများကို မြင်သာလာစေရန်၊

**Activity** (လှုပ်ရှားမှု)

(၁) သင်တန်းသားများအား အုပ်စုသုံးစုခွဲပြီး မိသားစု၊ ပတ်ဝန်းကျင်၊ နိုင်ငံတော်တို့တွင် အမျိုးသားနှင့် အမျိုးသမီးများ လုပ်ဆောင်လေ့ရှိသော အလုပ်တာဝန်များ၊ အခန်းကဏ္ဍများကို တဖွဲ့လျှင်တမျိုး ဆွေးနွေးစေပါသည်။
(၂) အမျိုးသားများ၏ အလုပ်တာဝန်များကို စာရွက်စအရောင်တခု၌ တခုလျှင်တမျိုးရေးခိုင်းပါ။ အမျိုးသမီးများ၏ အလုပ်တာဝန်များကိုလဲ စာရွက်နောက်တရောင်ဖြင့် တခုတမျိုးရေးခိုင်းပါ။
(၃) ထို့နောက် စာရွက်ကြီးပေါ်တွင် စက်ဝိုင်းပုံနှစ်ထပ် အောက်ပါအတိုင်း ရေးဆွဲထားပါ။
(၄) ထိုစက်ဝိုင်းပေါ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဟူ၍ သုံးပိုင်းခွဲထားပါ။
(၅) အဖွဲ့လိုက်တင်ပြလာသော ဆွေးနွေးချက်စာရွက်များကို အပိုင်းလိုက်ကပ်ပေးပါ။ အမျိုးသားတာဝန်များသည် အတွင်းစက်ဝိုင်း၊ အမျိုးသမီးတာဝန်များကို အပြင်စက်ဝိုင်းတွင်ကပ်ပေးပါ။

မိသားစု



နိုင်ငံတော် ပတ်ဝန်းကျင်

**Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

ထိုဇယားကွက်ကို သင်တန်းသားများအား လေ့လာစေပြီး –

- ယခုဇယားကွက်မှာ ဘာထူးခြားချက်ရှိသလဲ။ ဘာသတိထားမိတဲ့ အချက်ရှိသလဲ။
- လက်တွေ့ဘဝမှာ ဘာတွေထင်ဟပ်ပြနေသလဲ။
- ဘယ်အလုပ်မျိုးကို အလုပ်ဟု သတ်မှတ်ထားလေ့ရှိသလဲ။

– ဘယ်အလုပ်မျိုးကို အလုပ်ဟု မသတ်မှတ်ခံရဘူးလဲဟူသော မေးခွန်းများဖြင့် ဆွေးနွေးခိုင်းပါ။

သင်တန်းပို့ချသူမှ အမျိုးသမီးများသည် မိသားစုအတွင်း၌ အဝတ်လျှော်၊ ထမင်းချက် ၊ သားသမီးကိစ္စများကို လုပ်ဆောင်ခြင်းစသည့် သိပ်အသိအမှတ်ပြုမခံရသော အလုပ်များကို လုပ်ကိုင်နေကြရသလို ပတ်ဝန်းကျင်ပြင်ပ၌ကြည့်ပြန်လျှင်လည်း သန့်ရှင်းရေး၊ စျေးသည်မစသည့်အလုပ်များကို လုပ်ကိုင်နေကြသည့်အပြင် နိုင်ငံတော်အဆင့်၌လည်း အလှမယ်များ၊ တီဗွီကြော်ငြာမယ်များ၊ ကျောင်းဆရာမများ စသည့်အလုပ်များ၌သာ နေရာရလုပ်ကိုင်နေကြရသည်။ ဤအလုပ်များသည် ဦးနှောက်ဖြင့် သိပ်စဉ်းစားစရာမလိုသော အလုပ်များဖြစ်သည်။ ထိုသို့အမျိုးသားနှင့် အမျိုးသမီးများ၏ ယူနေရသော အခန်းကဏ္ဍမတူညီမှုကြောင့် အမျိုးသမီးများသည် မနားမနေ အလုပ်လုပ်နေရသော်လည်း အသိအမှတ်ပြုခြင်း မခံရသည့်အပြင် ၎င်းတို့၏အလုပ်အပေါ် လေးစားခြင်းလည်း မခံကြရပေ။ ဤသို့ဖြစ်နေခြင်းသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာအနှံ့အပြားတွင်လည်း ထိုကဲ့သို့ဖြစ်နေသောကြောင့် ကမ္ဘာ့အမျိုး သမီးများ၏ အခြေအနေသည် အလွန်ဆိုးရွားနေကြောင်းကို အောက်ပါ ဗဟုသုတများဖြင့် တင်ပြပါမည်။

## **Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

### ကမ္ဘာ့အမျိုးသမီးများအခြေအနေ

- ကမ္ဘာပေါ်တွင် စာမတတ်သူပေါင်း ၈၇၆ မီလီယံရှိသည့်အနက် သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်ကြသည်။
- အမျိုးသမီးများသည် ကမ္ဘာ့လုပ်အား၏ သုံးပုံနှစ်ပုံကို ထမ်းဆောင်နေသော်လည်း ကမ္ဘာ့ဝင်ငွေ၏ ဆယ်ပုံတပုံကိုသာ ရရှိနေသည်။
- ပိုင်ဆိုင်မှုတွင် ပိုင်ဆိုင်မှုအားလုံး၏ တစ်ရာခိုင်နှုန်းကိုသာ အမျိုးသမီးများက ပိုင်ဆိုင်သည်။
- ကမ္ဘာပေါ်ရှိ ဆင်းရဲသူပေါင်း ၁.၃မီလီယံတွင် ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။
- ကမ္ဘာပေါ်ရှိ ပါလီမန်အမတ်နေရာတွင် အမျိုးသမီးများမှာ ၁၀.၅ရာခိုင်နှုန်းသာရှိသည်။
- ၁၉၉၅ ခုနှစ်အထိ အစိုးရဝန်ကြီးရာထူးကို ရရှိသောအမျိုးသမီးများအရေတွက်မှာ ၆.၅ ရာခိုင်နှုန်းသာရှိသည်။
- တကမ္ဘာလုံးတွင် အမျိုးသမီး ၆၀ မီလီယံသည် ကိုယ်ဝန်ဖျက်ချခြင်း၊ အဟာရမပြည့်ဝခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးနေရသည်။
- ကမ္ဘာ့ကုမ္ပဏီကြီးများတွင် ဦးဆောင်မှုတာဝန်ထမ်းဆောင်နေသော အမျိုးသမီးများမှာ ၁ ရာခိုင်နှုန်းသာရှိသည်။
- နှစ်စဉ် အမျိုးသမီးပေါင်း ( ၅၈၅၀၀၀ ) သည် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်တွင် သေဆုံးလျက်ရှိသည်။
- ကမ္ဘာ့ဒုက္ခသည် သန်းပေါင်း ၃၀တွင် အမျိုးသမီးများအရေအတွက်မှာ ၈၀ %ဖြစ်သည်။
- ကမ္ဘာမြေယာပိုင်ဆိုင်မှု၏ ၁%ကိုသာ အမျိုးသမီးများက ပိုင်ဆိုင်သည်။

ကျား၊ မ တာဝန်

| နိုင်ငံများ | ပါလီမန်အတွင်း အမျိုးသမီးအမတ် အရေအတွက် ရာခိုင်နှုန်း | အဆင့်မြင့်အမျိုးသမီး ဥပဒေပြု လွှတ်တော် အမတ်များနှင့် စီမံခန့်ခွဲမှု ရာခိုင်နှုန်း | အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အမျိုးသမီးကျွမ်းကျင်သူ လုပ်သား ရာခိုင်နှုန်း | အမျိုးသမီးနှင့် အမျိုးသား ဝင်ငွေ ခန့်မှန်း ခြေအချိုး |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ဘရူနိုင်း | ၁၆.၀ | ၂၆ | ၄၃ | ၀.၅၀ |
| ဘင်္ဂလားဒေ့ရှ် | ၂.၀ | ၈ | ၂၅ | ၀.၅၆ |
| မလေးရှား | ၁၆.၃ | ၂၀ | ၄၅ | ၀.၄၀ |
| ဖိလစ်ပိုင် | ၁၇.၂ | ၅၈ | ၆၂ | ၀.၅၉ |
| အင်ဒိုနီးရှား | ၈.၀ | | | ၀.၅၁ |
| နီပေါ | | | | ၀.၅၀ |
| ဗီယက်နမ် | ၂၇.၃ | | | ၀.၆၉ |
| ကမ္ဘောဒီးယား | ၁၀.၉ | ၁၄ | ၃၃ | ၀.၇၇ |
| လာအို | ၂၂.၉ | | | ၀.၆၅ |
| ပါကစ္စတန် | ၂၀.၈ | ၉ | ၂၆ | ၀.၃၃ |
| အိန္ဒိယ | ၉.၃ | | | ၀.၃၈ |
| ထိုင်း | ၉.၆ | ၂၇ | ၅၅ | ၀.၆၁ |
| စင်္ကာပူ | ၁၆.၀ | ၂၆ | ၄၃ | ၀.၅၀ |

ကျား ၊ မ အလုပ်တာဝန်များနှင့် အလုပ်ချိန်ခွဲဝေမှုများ

| နိုင်ငံများ | အလုပ်ချိန်ခွဲဝေမှု ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ပြင်ပစီးပွားရေး | အိမ်တွင်း | ပြင်ပစီးပွားရေး | အိမ်တွင်း |
| ဘင်္ဂလားဒေ့ရှ် | ၃၅ | ၆၅ | ၇၀ | ၃၀ |
| ဖိလစ်ပိုင် | ၂၉ | ၇၁ | ၈၄ | ၁၆ |
| အင်ဒိုနီးရှား | ၃၅ | ၆၅ | ၈၆ | ၁၄ |
| နီပေါ | ၂၅ | ၇၅ | ၆၇ | ၃၃ |
| အိန္ဒိယ | ၃၅ | ၆၅ | ၉၂ | ၈ |

ပညာရေးတွင် ကျား/မ တန်းတူညီမျှမှု မရှိခြင်း

| နိုင်ငံများ | အရွယ်ရောက်ပြီးသူများ၏ ပညာတတ်မြောက်မှု (၁၅နှစ်နှင့်အထက်) ၂၀၀၂ ခုနှစ် | | လူငယ်များ၏ပညာတတ်မြောက်မှု (၁၅– ၂၄နှစ်အတွင်း) ၂၀၀၂ ခုနှစ် | | အခြေခံပညာရေး တတ်မြောက်သူအရေအတွက် ၂၀၀၀/၀ ၁ ခုနှစ် | | အလယ်တန်းအဆင့် ပညာတတ်မြောက် သူအရေအတွက် ၂၀၀၀/၀ ၁ ခုနှစ် | | အထက်တန်းအဆင့်ပညာတတ်မြောက်သူ စုစု ပေါင်း ၂၀၀၀/၀ ၁ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | မအရေအတွက်% | ကျားနှင့် နှိုင်းယှဉ်ပါက မ% (ကျား ၁၀၀ တွင် မ အရေအတွက်) | မအရေအတွက်% | ကျားနှင့်နှိုင်းယှဉ်ပါက မ% (ကျား ၁၀၀ တွင် မအရေအတွက်) | မ အရေအတွက် % | ကျားနှင့်နှိုင်းယှဉ်ပါက မ% (ကျား ၁၀၀တွင် မအရေအတွက်) | မ အရေအတွက် % | ကျားနှင့်နှိုင်းယှဉ်ပါက မ% (ကျား ၁၀၀တွင် မအရေအတွက်) | မ အရေအတွက် % | ကျားနှင့်နှိုင်းယှဉ်ပါက မ% (ကျား ၁၀၀တွင် မအရေအတွက်) |
| ဘရူနိုင်း | ၉၁.၄ | ၉၅ | ၉၉.၃ | ၁၀၀ | | | | | ၁၇ | ၁.၇၇ |
| ဘင်္ဂလားဒေ့ရှ် | ၃၁.၄ | ၆၂ | ၄၁.၁ | ၇၁ | ၈၈ | ၁.၀၂ | ၄၆ | ၁.၁ | ၄ | ၀.၅၀ |
| မလေးရှား | ၈၅.၄ | ၉၃ | ၉၇.၃ | ၁၀၀ | ၉၅ | ၁.၀၀ | ၇၃ | ၁.၁၀ | ၂၈ | ၁.၀၉ |
| မြန်မာ | ၈၁.၄ | ၉၁ | ၉၁.၁ | ၁၀၀ | ၈၂ | ၁.၀၀ | ၃၄ | ၀.၉၄ | ၁၅ | ၁.၇၅ |
| ဖိလစ်ပိုင် | ၉၂.၇ | ၁၀၀ | ၉၅.၇ | ၁၀၁ | ၉၄ | ၁.၀၂ | ၆၂ | ၁.၂၀ | ၃၅ | ၁.၂၉ |
| အင်ဒိုနီးရှား | ၈၃.၄ | ၉၀ | ၉၇.၆ | ၉၉ | ၉၂ | ၀.၉၉ | ၄၆ | ၀.၉၅ | ၁၄ | ၀.၈၆ |
| နီပေါ | ၂၆.၄ | ၄၃ | ၄၆.၀ | ၅၉ | ၆၆ | ၀.၈၈ | | | ၂ | ၀.၂၈ |
| ဗီယက်နမ် | ၈၆.၉ | ၉၃ | | | ၉၂ | ၀.၉၄ | | | ၉ | ၀.၇၆ |
| ကမ္ဘောဒီးယား | ၅၉.၃ | ၇၃ | ၇၅.၉ | ၉၀ | ၈၃ | ၀.၉၃ | ၁၅ | ၀.၆၀ | ၂ | ၀.၄၀ |
| လာအို | ၅၅.၅ | ၇၂ | ၇၂.၇ | ၈၅ | ၇၉ | ၀.၉၂ | ၂၈ | ၀.၈၁ | ၃ | ၀.၅၇ |
| ပါကစ္စတန် | ၂၈.၅ | ၅၃ | ၄၂.၀ | ၆၄ | | | | | | |
| အိန္ဒိယ | | | | | ၇၆ | ၀.၈၃ | | | ၉ | ၀.၆၈ |
| ထိုင်း | ၉၀.၅ | ၉၅ | ၉၇.၈ | ၁၀၀ | ၈၅ | ၀.၉၇ | | | ၃၈ | ၁.၀၉ |
| စင်္ကာပူ | ၈၈.၆ | ၉၂ | ၉၉.၆ | ၁၀၀ | | | | | | |

*(အထက်ပါအချက်အလက်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ **WHO,** နှင့် လူ့အခွင့်ရေးစောင့်ကြပ်ရေးအဖွဲ့ **Human Rights Watch / UNDP Human Resource Indicators** ၏ အစီရင်ခံစာများမှ ကောက်နုတ်ချက်များဖြစ်သည်။ )*

သင်တန်းပို့ချသူမှ အထက်တွင်တင်ပြခဲ့သော အချက်အလက်များသည် အမျိုးသားနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများ ခွဲခြားမှုများကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့အမျိုးသမီးများ၏ အခြေအနေဖြစ်ကြောင်းရှင်းပြပါ။ ထိုအချက်အလက်များကိုကြည့်၍ သင်တန်းသားများ ဘာတွေသတိထားမိကြောင်းကို ဆက်လက်ဆွေးနွေးခိုင်းပါ။

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

- သင်တန်းပို့ချသူမှ သင်တန်းသားများကို အုပ်စုနှစ်စုခွဲ၍ အချေအတင်ပြောဆိုခြင်း လုပ်ဆောင်ရန် ညွှန်ကြားချက်ပေးပါ။
- အဖွဲ့တဖွဲ့က ထိုအဆိုကိုထောက်ခံ၍ ပြောရမည်ဖြစ်ပြီး ကျန်အဖွဲ့က ထိုအဆိုကို ကန့်ကွက်၍ပြောရမည်။ နမူနာပေးထားသောအောက်ပါခေါင်းစဉ်များမှ တချက်ကိုရွေး၍ပြောခိုင်းနိုင်သည်။ ဥပမာ–

  - ➢ အမျိုးသမီးများသည် ဗဟုသုတနည်းသောကြောင့် နိုင်ငံခေါင်းဆောင်မဖြစ်နိုင်။
  - ➢ အမျိုးသမီးများသည် အားနွဲ့သောကြောင့် စစ်တပ်တွင်ဝင်ရောက်ခြင်းမပြုသင့်။
  - ➢ အမျိုးသမီးများသည် ဆုံးဖြတ်မှုအားနည်းသောကြောင့် အဖွဲ့အစည်း၏ အရေးကြီးသောတာဝန်များကို မထမ်းဆောင်သင့် စသည်တို့ဖြစ်နိုင်သည်။

- အဖွဲ့ကို အဖွဲ့လိုက်ပြင်ဆင်ရန်အချိန်ပေးပါ။ လူတိုင်းပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်ပါ။ ဤအချေအတင် ပြောဆိုခြင်းများလုပ်ဆောင်ရာတွင် သတိပြုသင့်သောအချက်များကို ဤစာအုပ်၏ စာမျက်နှာ (–––) တွင် လေ့လာနိုင်သည်။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

- အချေအတင်ပြောဆိုရာမှ မိမိသတိထား၊ သဘောကျမိသောအချက်များကို အဖွဲ့ကြီးတွင် ပြန်လည်တင်ပြခိုင်းပါ။
- ဘာကြောင့် ထိုအချက်ကို သဘောကျမိကြောင်းမေးမြန်း၍ ထိုအချက်ကို လိင်ကွဲပြားမှုနှင့်ပတ်သက်၍ လူထုအကြားလှုံ့ဆော်ရာတွင် ဘယ်လိုအသုံးချနိုင်မလဲ ဆိုသည်ကိုမေးမြန်း၍ မှတ်တမ်းတင်ပါ။

မှတ်ချက်

- အချေအတင်ပြောဆိုသည့် ခေါင်းစဉ်များသည် ကျားမအလုပ်ခွဲခြားသတ်မှတ်မှုနှင့် သက်ဆိုင်သည့် မည်သည့် ခေါင်းစဉ်ကမဆို သုံးနိုင်သည်။
- အဖွဲ့ခွဲရာတွင် တဖွဲ့စီတွင် အမျိုးသားအမျိုးသမီး နှစ်ဖက်စလုံးပါဝင်မှုရှိစေရန် သတိပြုပါ။
- အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပြောခိုင်းခြင်းသာမက အဖွဲ့လေးဖွဲ့ခွဲ၍ အဆိုဖက်တွင်နှစ်ဖွဲ့၊ အချေဖက်တွင်နှစ်ဖွဲ့ပါဝင်သောနည်းကိုလည်း သုံးနိုင်သည်။